**အားလုံးသို့ပေးစာ**
**၃/၂၀၀၆**
**(၂၀ – ၇ – ၂၀၀၆)**

(၁) လူထုအုံကြွမှုကို ‘နအဖ’ သိပ်ကြောက်နေပါတယ်။ တဖက်ကလည်း စိတ် ‘၂’ ခွ ဖြစ်နေတယ်။ NLD ကို အကျပ်ကိုင်လိုက်ရမလား။ အခုလိုပဲ မသေမရှင် လုပ်ထားရမလား ဆိုတာမှာ ဝေခွဲမရ ဖြစ်နေတယ်။ ၁၉၈၇ ခုနှစ်က ဗိုလ်နေဝင်းကြုံခဲ့ရတာနဲ့ ဆင်ပါတယ်။ တူတော့ မတူပါဘူး။ အဲဒီတုန်းက ဗိုလ်နေဝင်းက နိုင်ငံရေးအကင်းပါးသူ (သူတို့ထဲမှာ) ဖြစ်လေတော့ အပြောင်းအလဲလုပ်မှ ဖြစ်မယ်ဆိုတာကို သိနေတယ်။ သူ့မှာ ‘၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ’ ရှိနေတယ်။ ‘မဆလ’ ရှိနေတယ်။ ဒါကြောင့် ‘မဆလ’ ထဲကနေ အလှည့်အပြောင်းတခုလုပ်ဖို့ စဉ်းစားခဲ့တယ်။ ကြိုးစားပြီးလည်း ကြည့်ခဲ့တယ်။ ဒါပေမဲ့ သူ့စိတ်ကူးအတိုင်း လုပ်လို့မရတော့ဘူး။ နောက်ဆုံးတော့ သူနဲ့အတူ သူ့‘ဝါရင့်’ တွေကိုခေါ်ပြီး ဆင်းသွားတယ်။ စိန်လွင်ကို နန်းအပ်ခဲ့တယ်။ စိန်လွင် ၁၈ ရက်ပဲ ခံတယ်။ ဒေါက်တာမောင်မောင်နဲ့ လူစားထိုးလိုက်ရတယ်။ ဒါကို ၈၈ မျိုးဆက်များ တွေ့ကြုံခဲ့ရဖူးတာပဲ။ အကျယ်မချဲ့တော့ဘူး။

အခုရေးချင်တာက ဗိုလ်နေဝင်းက သူ့စိတ်ကူးအတိုင်း ဘာကြောင့် အကောင်အထည်မဖော်နိုင်ခဲ့တာလဲ ဆိုတဲ့ကိစ္စ ဖြစ်တယ်။

ကျွန်တော်တို့ရဲ့သုံးသပ်ချက်ကတော့ –

- ဒီတခါ နေဝင်းကြုံရတဲ့ အကျပ်အတည်းက ၁၉၅၈ နဲ့မတူဘူး။ ၁၉၆၂ ကနဲ့လည်း မတူဘူး။ ဟိုတုန်းက ၁၉၅၈ တုန်းကဆိုရင် ဦးနုဟာ ‘မြေပေါ်ကွန်မြူနစ် ပမညတ’ ရဲ့အားကိုမှီပြီး အစိုးတက်လုပ်နေတာပဲ။ ကြာလာရင် ‘မြေပေါ်ကွန်မြူနစ်’ တွေက အစိုးရအဖွဲ့ထဲ ရောက်တော့မယ်။ တောထဲကကွန်မြူနစ် မြို့ပေါ်ရောက်တော့မယ်။ ကွန်မြူနစ်ဝန်ကြီးတွေ ဖြစ်လာကြတော့မယ်။ သူတို့လက်အောက် တို့တပ်ရောက်တော့မယ်။ အဲဒီလို အဖြစ်ခံကြမလားဆိုပြီး သူ့တပ်ကို သွေးထိုးစည်းရုံးနိုင်တယ်။ စစ်ဗိုလ်ကြီးအားလုံးလောက်ကလည်း တည်မြဲဘက်ကလူတွေ ဖြစ်နေတော့ လွယ်လွယ်ပဲ ဦးနုကို ဖယ်ပစ်လိုက်နိုင်တယ်။ (၁၉၈၇ – ၈၈) မှာ အဲဒီလို သွေးထိုးစည်းရုံးလို့ မရတော့ဘူး။ ခုလက်ရှိ အာဏာယူထားနေသူတွေက သူတို့စစ်ဗိုလ်ချည်းပဲ။ အာဏာရနေတာကလည်း ၂၅ နှစ် ရှိပြီ။ ဘယ်သူ့မှ လွှဲချလို့ မရတော့ဘူး။
- ၁၉၆၂ ကျတော့လည်း အာဏာသိမ်းရတာ လွယ်တယ်။ ‘မြေပေါ်ကွန်မြူနစ်’ ကို လက်ညှိုးထိုးပြစရာ မရှိတော့ပေမယ့် ဦး – ဗိုလ် – သခင် ကို လက်ညှိုးထိုးပြလို့ ရတယ်။ ကာကွယ်ရေးဝန်ကြီးလုပ်နေတဲ့၊ ပြည်ထဲရေးဝန်ကြီး လုပ်နေတဲ့ ‘ပထစ’ ဝန်ကြီးတွေကို ဘယ်စစ်ဗိုလ်ကြီးကမှ အထင်မကြီးဘူး။ ဦးဂိုဏ်း ဆိုတာကလည်း ‘နယ်ဘက်က ဗျူရိုကရက်ဟောင်း’ တွေပဲ။ သူတို့ကို လက်ညှိုးထိုးပြစရာက ရှိတယ်။ သူတို့က တော်လှန်တဲ့ နိုင်ငံရေးအစဉ်အလာ မရှိကြသူတွေချည်းပဲ။ ဒါကြောင့် တပ်ကို သွေးထိုးစည်းရုံးလို့ရတယ်။

(၁၉၈၇ – ၈၈) ကျတော့ လက်ညှိုးထိုးပြစရာ မရှိဘူး။ ၁၉၆၂ တုန်းကလို “မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်” နဲ့ “လက်ဝဲယောင်ဆောင်” လို့လည်း မရတော့ဘူး။ ၁၉၈၇ – ၈၈ မှာ ရင်ဆိုင်ရတာက ကျောင်းသားတွေ၊ လူထုတွေ ဖြစ်နေတယ်။ သူတို့က အာဏာရတွေ မဟုတ်ရုံမက အာဏာရချင်သူတွေလည်း မဟုတ်ကြဘူး။ ရိုးရိုးသားသား ဒီမိုကရေစီကို တောင်းနေကြတာ ဖြစ်တယ်။ ဒါကြောင့် တပ်ကို သွေးထိုးစည်းရုံးလို့ (ဟိုတုန်းကလို) မလွယ်တော့ဘူး။
ဒါဟာ နေဝင်းရဲ့ အကျပ်အတည်းပဲ။

- နောက်တင်ပြစရာရှိတာက မဆလ ပါတီထဲမှာ၊ သူတို့အထက်တန်း စစ်ဗိုလ်ကြီးတွေထဲမှာ စိန်လွင်လို လူရမ်းကားကို ခေါင်းဆောင်တင်ထားရတာကို စိတ်မသန့် လိပ်ပြာမလုံ ဖြစ်နေကြတယ်။ မဆလ ဘောင်ထဲက၊ ၁၉၇၄ အခြေခံဥပဒေဘောင်ထဲကနေပြီး ထွက်လမ်းရှာနေရင်တော့ စိန်လွင်လိုလူပဲ ရမှာပဲ။ စိန်လွင်လိုလူပဲ ‘မင်းလုပ်’ နေမှာပဲ ဆိုတာကို သိနေကြလို့ ဘောင်ကိုချိုးပစ်ချင်နေကြတာပဲ။

အဲဒီလိုနဲ့ စောမောင်၊ သန်းရွှေတို့ စိုင်ကော်လို့ခြုံပေါ်ရောက်လာကြတာ ဖြစ်တယ်။

(၂) သန်းရွှေအခက်က နေဝင်းအခက်နဲ့မတူဘူး။ ဆင်ရုံပဲဆင်တာ ဖြစ်တယ်။

- နေဝင်းမှာက ‘အခြေခံဥပဒေ’ ရှိတယ်။ ‘မဆလ စည်းမျဉ်းဥပဒေ’ ရှိတယ်။ သန်းရွှေမှာ မရှိဘူး။
- နေဝင်းမှာ အတိုက်အခံက တောထဲမှာပဲ ရှိတယ်။ သန်းရွှေမှာက မြို့ပေါ်မှာ ရှိတယ်။ (ပျဉ်းမနားပြောင်းရတာမှာ ဒီအချက်လည်း ပါတယ်။ ရန်ကုန်မှာနေရင် မောင်းသူမဲ့လေယာဉ်က ဒုံးနဲ့ပစ်မှာကိုလည်း သူတို့ထိပ်သီးတွေ သွေးလန့်နေတယ်။)
- နေဝင်းမှာ နိုင်ငံခြားဖိအား မရှိဘူး။ (၁၉၇၀ ပြည့်လွန်နှစ်တွေကတည်းက တရုတ်နဲ့ ‘ကြည်စေအေးစေ’ ဖြစ်နေပြီ။) သန်းရွှေမှာကတော့ မြင်တဲ့အတိုင်းပဲ။
- သန်းရွှေမှာ စစ်တပ်ကို ရန်သူက ဘယ်သူဆိုတာ ‘လက်ညှိုးထိုးပြပြီး သွေးထိုးစည်းရုံးစရာ အကြောင်းအချက် မရှိဘူး။’ NLD ကလည်း အတိုက်အခံလို့သာ ဆိုရတယ်။ တလျှော့တည်း လျှော့ပေးနေတာပဲ။

❖ NLD ထဲက ‘ကွန်မြူနစ်’ ဆိုသူတွေ ရှိသေးသလား။

❖ ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ် ရှိသေးသလား။

❖ 'တောင်းပွဲတိုက်ပွဲ' လုပ်တာ ရှိသေးသလား။ DASSK မလုပ်ရင် ဘယ်သူက နယ်လှည့်စည်းရုံးတာ လုပ်သလဲ။

❖ 'မတရားတဲ့ အမိန့်အာဏာမှန်သမျှ တာဝန်အရ ဖီဆန်ကြ' ဆောင်ပုဒ် ဘယ်တုန်းကမှန်းမသိ ပျောက်သွားပြီ။

ဒါတွေဟာ 'ဆုတ်မယ့်ဆုတ် ခံတုတ်အထိဆုတ်ရေး' ပေါ်လစီလို့ ထင်ပါတယ်။

- အဲဒီတော့ သတင်းစာထဲမှာ ဘယ်သူရေးမှန်းမသိတဲ့ ဆောင်းပါးတွေနဲ့ပဲ သူတပ်ကို စည်းရုံးနေရတယ်။ အလံနီအငွေ့အသက်ကို တရက်တမနက်ယူလိုက်ရတဲ့ သတင်းပေး (အင်ဖော်မာ) တွေရဲ့ အရေးအသားနဲ့ တပ်ကို စည်းရုံးနေတယ်။ စည်းရုံးလို့ ရပါ့မလား။ ထောက်လှမ်းရေးစစ်စစ်တွေလို့ ထင်ရတဲ့လူတွေရဲ့ အရေးအသားကကော တပ်တတပ်လုံးကို စည်းရုံးနိုင်ပါ့မလား။ (ဦးကြီး) သခင်သန်းထွန်းနဲ့ (တူမ) ဒေါ်အောင်ဆန်းစုကြည်တို့ကို မရမက ဆွဲစပ်ပေးနေတဲ့ အကြောင်းပြချက်ကိုကော ဘယ်စစ်ဗိုလ်စစ်သားက ယုံမလဲ။

- တောထဲမှာ ဗကပ – မြို့ပေါ်မှာ မဆလ ခေတ်က ဗကပ နဲ့ ဆက်စပ်မိတဲ့လူတိုင်းကိုသာ 'ဗကပ' လို့ ပြောကြေးဆိုရင် နေဝင်းလည်း 'ဗကပ'၊ အောင်ကြီးလည်း 'ဗကပ'၊ ဦးနု ဆွေ ငြိမ်းလည်း 'ဗကပ' ဖြစ်ကုန်မှာပေါ့။ ဒါကိုကော ဘယ်သူယုံကြမလဲ။

- နောက်ဆုံးအခက်ကတော့ 'အာဏာသိမ်းပွဲ' အတုနဲ့ နေဝင်းက 'နဝတ' ကို အာဏာအမွေပေးခဲ့သလို သန်းရွှေ မလုပ်နိုင်တာပဲ။

(၃) သန်းရွှေဟာ 'ရှေ့တိုးတံပိုး နောက်ဆုတ်လှည်းထုပ်' အခြေအနေ ဆိုက်နေတယ်။ မာရှယ်လောအုပ်ချုပ်ရေးဆိုတော့ နေဝင်းမှာလို သူ့မှာဘောင်မရှိဘူး။ 'ကက အုပ်ချုပ် ထင်ရာလုပ်' နိုင်တဲ့ဘောင်ပဲ ရှိတယ်။

- သန်းရွှေ အသက်ကလည်း ကြီးပြီ။ နေဝင်းလို သူမလုပ်ဝံ့ဘူး။ မလုပ်နိုင်ဘူး။ 'ညောင် ၂ ပင်' ကို အတိုက်အခံက စောင့်သလို သေမင်းက စောင့်မှာမဟုတ်ဘူး။ ဗိုလ်နေဝင်းက ဦးနေဝင်းအဖြစ် ပြောင်းဝံ့တယ်။ ၁၉၈၈ မှာ ပလ္လင်ပေါ်က ဆင်းဝံ့တယ်။ ဆင်းတုန်းက သူ့အသက် ၇၇ နှစ်။ သန်းရွှေကော အသက် ၇၇ နှစ်မှာ ဆင်းဝံ့သလား။ 'ငါမအိုသေး' လို့ ပြောပြီး ဘုရင်လုပ်နေတဲ့ 'အလောင်းစည်သူ' လို ခေါင်းအုံးနဲ့ ဖိသတ်မှ တဇာတ်သိမ်းတော့မှာလား။

- အလောင်းစည်သူ ဇာတ်သိမ်းမျိုးနဲ့သိမ်းရင် တိုင်းပြည်နာတတ်တယ်။ ဆရာ၊ မိဘ၊ သံဃာတွေ ထွက်ပြီး ပွဲထိန်းပေးစေချင်တာပါပဲ။ ဆရာနဲ့မိဘကိုတော့ သန်းရွှေက သိပ်အရေးမစိုက်ပါဘူး။ သံဃာတော်တွေပဲ ပွဲထိန်းနိုင်မှာပါ။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းက သံဃာတော်တွေဝင်ပြီး ပွဲထိန်းပေးဖို့ လျှောက်ထားကြစေချင်ပါတယ်။

လေးစားစွာဖြင့်
ရဲဘော်စိုးချစ်
(၂၀ – ၇ – ၂၀၀၆)